# ကလေးမြို့ဆုံးဖြတ်ချက် ကြေညာစာတမ်း

ရက်စွဲ။ ။၂၄-၁၀-၂၀၁၀။

ကလေးမြို့(ဇိုမီးအမျိုးသားကွန်ကရက် –၂၂–နှစ်မြောက် အခမ်းအနား)တွင် တိုင်းရင်းသားခေါင်းဆောင်များ၊ နိုင်ငံရေးအင်အားစုခေါင်းဆောင်များ၊ ဒီမိုကရေစီရရှိရေးလှုပ်ရှားသူများ ပေါင်းစည်း၍ အောက်ပါဆုံးဖြတ်ချက်ကို သဘောတူလက်မှတ် ရေးထိုးကြပါသည်။

၁။ တိုင်းရင်းသားပြည်သူတရပ်လုံး လိုလားတောင့်တသော အာဏာရှင်စနစ်ချုပ်ငြိမ်းရေး၊ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး ရည်မှန်းချက်များကို မှန်ကန်သောဦးဆောင်မှု၊ ညီညွတ်သောအင်အားဖြင့် ဆက်လက်ဆောင်ရွက်သွားကြမည်။

၂။ ၂၀၀၈-ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီကျင်းပသော ၂၀၁၀-ရွေးကောက်ပွဲ၏ နိုင်ငံရေးအခင်းအကျင်းနှင့်ရလဒ်သည် ပြည်သူလူထုလိုလားသော ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အပြောင်းအလဲတစ်ရပ်ဖြစ်ပေါ်လာမည် မဟုတ်ပေ။

ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်မှုဖြင့် ဒီမိုကရေစီလိုလားသော တိုင်းရင်းသားပြည်သူအားလုံး ညီညွတ်ရေးမှ အမျိုးသားပြန်လည်သင့်မြတ်ရေးသို့ဦးတည်သော တွေ့ဆုံဆွေးနွေးရေးကို ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။

၃။ တိုင်းရင်းသားပြည်သူလူထုအားလုံး မှီတင်းနေထိုင်သောမြန်မာနိုင်ငံကို တစ်ပြည်ထောင်စနစ်လည်း မဟုတ်၊ ခွဲထွက်ရေးစနစ်လည်းမဟုတ်၊ ဒီမိုကရေစီနှင့်လူမျိုးတိုင်း တန်းတူအခွင့်အရေးကိုအခြေခံသော ဖက်ဒရယ်ပြည်ထောင်စုစနစ်ဖြင့် တည်ဆောက်ရန် တိုင်းရင်းသားပြည်သူအားလုံး အတူတကွလက်တွဲပြီးဒုတိယပင်လုံညီလာခံခေါ်ယူကျင်းပသွားကြရမည်။ ထိုညီလာခံကြီးကိုအမြန်ဆုံးကျင်းပရန်လည်း တိုင်းရင်းသားပြည်သူတရပ်လုံးက အစဉ်ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်သည်။

အထက်ပါဆုံးဖြတ်ချက်ကို တညီတညွတ်တည်း စုပေါင်းကြိုးပမ်းကြရန် သံဓိဌာန်ပြုပါသည်။

| စဉ် | အမည် | လက်မှတ် |
|---|---|---|
| ၁။ | ဦးတင်ဦး (ဒုဥက္ကဋ္ဌ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) | |
| ၂။ | ဦးဝင်းတင် (အတွင်းရေးမှူး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်) | |
| ၃။ | နိုင်ငွေသိန်း (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့) | |
| ၄။ | နိုင်ထွန်းသိန်း (မွန်အမျိုးသားဒီမိုကရေစီအဖွဲ့) | |

| | | |
|---|---|---|
| ၅။ | စောဟာရီ (ကရင်အမျိုးသားကွန်ဂရက်) | |
| ၆။ | စိုင်းရွှေကြူး (ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) | |
| ၇။ | ဦးအုန်းမောင် (ရွှေတောင်) (ဝါရင့်နိုင်ငံရေးသမားကြီး) | |
| ၈။ | သခင်သိန်းမောင် (ဝါရင့်နိုင်ငံရေးသမားကြီး) | |
| ၉။ | ဦးညွှန့်သိန်း (ဝါရင့်နိုင်ငံရေးသမားကြီး) | |
| ၁၀။ | ဦးထောင်ခိုထန်း (ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ်) | |
| ၁၁။ | ဒေါက်တာအောင်တင်ဦး (အတွင်းရေးမှူးအဖွဲ့ဝင်၊ ပြည်ထောင်စုတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်) | |
| ၁၂။ | | |
| ၁၃။ | | |
| ၁၄။ | | |
| ၁၅။ | | |
| ၁၆။ | | |
| ၁၇။ | | |
| ၁၈။ | | |
| ၁၉။ | | |
| ၂၀။ | | |
| ၂၁။ | | |
| ၂၂။ | | |
| ၂၃။ | | |